**မြန်မာနိုင်ငံသည် EITI အဖွဲ့ဝင် နိုင်ငံဖြစ်လာပြီး**

**ပွင့်လင်းမြင်သာမှုအတွက် အောင်မြင်မှုမှတ်တိုင် စိုက်ထူနိုင်ခဲ့**

- မြန်မာနိုင်ငံသည် သဘာဝ သယံဇာတ အရင်းအမြစ်များ ထုတ်ယူ သုံးစွဲမှုလုပ်ငန်း ပွင့်လင်းမြင်သာမှုရှိရေး (EITI) အဖွဲ့၏ တရားဝင် အဖွဲ့ဝင်နိုင်ငံတစ်ခု ဖြစ်လာသည်။
- EITI သည် stakeholders အားလုံး ပူးပေါင်းပါဝင်နိုင်သည့် ပုံစံကို အသုံးပြုကာ အရပ်ဘက်အဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်နိုင်ရန် အားပေးမြှင့်တင်သည်။
- EITI ၏ အလှူရှင်နိုင်ငံများ၏ ယုံကြည်မှု အပ်နှံရန်ပုံငွေဖြင့် မြန်မာနိုင်ငံ၏ ပွင့်လင်းမြင်သာရှိစေရန် အားထုတ်မှုကို ကူညီပေးလျက်ရှိသည်။

လွန်ခဲ့သော ၃ နှစ်က မြန်မာနိုင်ငံ၏ အခြေအနေသည် ယနေ့ကာလနှင့် ဆန့်ကျင်ဘက်ဖြစ်ခဲ့ပါသည်။ ထိုအချိန်က လူထုစုဝေးခွင့်မရှိချေ။ စီးပွားရေး လုပ်ငန်းများ၊ အစိုးရ၏ ဖွံ့ဖြိုး တိုးတက်ရေးများ နှင့် ပတ်သက်ပြီး သတင်းအချက်အလက် အနည်းငယ်သာ ထုတ်ပြန်ပေးကာ နိုင်ငံရေး အကျဉ်းသားများ မှာလည်း ထိန်းသိမ်းခံထားရဆဲ ဖြစ်သည်။ မြန်မာနိုင်ငံသည် ဆယ်စုနှစ်များစွာ စစ်အုပ်ချုပ်မှု အောက်တွင် ရောက်ရှိနေပြီး ကမ္ဘာပေါ်တွင် အရှည်ကြာဆုံး ပြည်တွင်းစစ် ဖြစ်ပွားနေသည့် နိုင်ငံများအနက် တစ်နိုင်ငံဖြစ်သည်။ ထိုသို့သော အထိမခံအခြေအနေက နိုင်ငံစီးပွားရေးအပေါ် ထိခိုက်မှုဖြစ်ပေါ်ခဲ့သည်။ မြန်မာနိုင်ငံ၏ တစ်ဦးချင်း ဂျီဒီပီသည် ဒေါ်လာ ၈၀၀ နှင့် ၁၀၀၀ ကြားတွင်ရှိကာ အာရှတွင် အဆင်းရဲဆုံး နိုင်ငံများအနက် တစ်နိုင်ငံအဖြစ် ဆက်လက်တည်ရှိနေသည်။ တစ်ချိန်တည်းမှာပင် မြန်မာနိုင်ငံသည် အဂတိ လိုက်စားမှုနှင့် ပွင့်လင်းမြင်သာမှုဆိုင်ရာ ကဏ္ဍနှင့် ပတ်သက်ပြီး လေ့လာဆန်းစစ်မှုတွင် အလွန် အားနည်းသည့် အဆင့်၌ရှိခဲ့သည်။

အစိုးရသစ် တာဝန်ယူပြီးသည့် ၂၀၁၁ ခုနှစ် မတ်လ နောက်ပိုင်းတွင် နိုင်ငံနှင့် ပြည်သူများအတွက် ပိုမိုကောင်းမွန်သော အနာဂတ်ကို ဖန်တီးပေးမည်ဟု ကတိပြုကာ ယခင်က မဖြစ်ပေါ်ခဲ့ဖူးသည့် နိုင်ငံရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ပေးခဲ့သည်။ ထိုပြုပြင်ပြောင်းလဲမှုများက အမျိုးသား ပြန်လည် ပေါင်းစည်းရေး လမ်းကြောင်းကို ဦးတည်စေပါသည်။ နိုင်ငံရေးနှင့် စီးပွားရေး အုပ်ချုပ်မှုကို တိုးတက်အောင် လုပ်ဆောင်ပေးပြီး မြန်မာနိုင်ငံကို အာရှနှင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးနှင့် ပြန်လည် ပေါင်းစည်းပေးသည်။ ပြုပြင်ပြောင်းလဲမှုများ၏ အဓိက ကဏ္ဍတစ်ရပ်မှာ အရပ်ဘက်လူမှု အဖွဲ့အစည်းများနှင့် အစိုးရကြား ဆက်ဆံရေး ကောင်းမွန်အောင် ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ ဆယ်စုနှစ်ပေါင်းများစွာ ဆက်ဆံရေး ခပ်တန်းတန်းဖြစ်နေပြီးနောက် ထိရောက်သည့် အုပ်ချုပ်မှု ဖြစ်စေရန် အတွက် ပူးပေါင်းပါဝင် ဆောင်ရွက်သူများ (stakeholders) အကြား ဆွေးနွေးမှုနှင့် ယုံကြည်မှု မရှိမဖြစ် လိုအပ်သည်။ အရင်းအမြစ်များ ထုတ်ယူသုံးစွဲသည့် လုပ်ငန်းများသည် နိုင်ငံ့စုစုပေါင်း ပို့ကုန်၏ ၃၅%ကို ကိုယ်စားပြုသောကြောင့် ခိုင်မာသည့် အုပ်ချုပ်မှုသည် ထုတ်ယူသုံးစွဲသည့် လုပ်ငန်းများအတွက် ပဓာန ကျသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က "သယံဇာတ အရင်းအမြစ်များကို ပြည်သူများ၏ ရေရှည်အကျိုး စီးပွားအတွက် ပွင့်လင်းမြင်သာသော နည်းဖြင့် စီမံဆောင်ရွက်နေကြောင်း သေချာစေရန်အတွက် မိမိတို့ EITI ကိုအသုံးပြုလိုသည်။ EITI ၏ အဖွဲ့ဝင် ဖြစ်လာခြင်းက လက်ရှိ ပြုလုပ်နေသည့် ပြုပြင်ပြောင်းလဲမှုများကို ထင်ထင်ရှားရှား ပြသနိုင်မည့် ရလဒ် တစ်ခုဖြစ်ပါလိမ့်မည်" ဟုမကြာခင်က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် ၂၀၁၂ ခုနှစ်တွင် EITI အတွက် ပြင်ဆင်မှုများ စတင်လုပ်ဆောင်ခဲ့ပြီး တရားဝင် အဖွဲ့ဝင်အဖြစ် ကြေညာခံရရန်အတွက် EITI နိုင်ငံတကာ အတွင်းရေးမှူးရုံး၏ စံနှုန်းများနှင့် ကိုက်ညီအောင် ကြိုးစားပမ်းစား လုပ်ကိုင်ဆောင်ရွက်နေသည်။ EITI အလှူရှင်နိုင်ငံများ၏ ယုံကြည်မှု အပ်နှံရန်ပုံငွေဖြင့် ကမ္ဘာ့ဘဏ်က ကူညီပြီး

အခြားသော အလှူရှင်များ က ကူညီသည့် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းအများအပြား ဆောင်ရွက်ပြီးနောက် ၂၀၁၄ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့က မက္ကဆီကိုစီးတီးတွင် ပြုလုပ်သော ဘုတ်အဖွဲ့အစည်းအဝေးတွင် မြန်မာနိုင်ငံ၏ EITI အဖွဲ့ဝင်နိုင်ငံအဖြစ် EITI နိုင်ငံတကာ အတွင်းရေးမှူးရုံးက အသိအမှတ်ပြုခဲ့သည်။

မြန်မာနိုင်ငံရှိ ကမ္ဘာ့ဘဏ် ဌာနေ ကိုယ်စားလှယ် ခန်သန်ရှန်ကာ က "ယခုသမိုင်းမှတ်တိုင်သည် မြန်မာနိုင်ငံတွင် အရင်းအမြစ်များ ထုတ်ယူသုံးစွဲရေး ဆိုင်ရာ အမျိုးသားဆွေးနွေးပွဲ အဆင့်သစ်တစ်ခုသို့ ရောက်ရှိသည့် သက်သေ အထောက်အထား တစ်ခုဖြစ်သည်။ ကမ္ဘာ့ဘဏ်အုပ်စုသည် ထိုလုပ်ငန်းစဉ်၏ တစ်စိတ်တစ်ပိုင်းတွင် ပါဝင် လုပ်ဆောင်ရသည့်အတွက် ကျေနပ်ဂုဏ်ယူပါသည်။ ထို့အပြင် ကူညီပံ့ပိုးမှုများ ပေးခဲ့သော အခြားဖွံ့ဖြိုးမှု လက်တွဲဖော်များကိုလည်း ကျေးဇူးတင်ပါသည်ဟု ပြောကြားခဲ့သည်။" ကမ္ဘာ့ဘဏ်အုပ်စုသည် ... ကျေနပ်ဂုဏ်မြောက်ပြီး EITI ဘက်စုံပူးပေါင်းပါဝင်သူများ အုပ်စုနှင့် ယင်းလုပ်ငန်းစဉ်အား ပံ့ပိုး ကူညီနေသည့် ဖွံ့ဖြိုးတိုးတက်ရေး မိတ်ဖက်များ နှင့်အတူ ဆက်လက် ပူးပေါင်း ဆောင်ရွက်သွားမည်" ဟုပြောကြားခဲ့သည်။

ကမ္ဘာ့ဘဏ်သည် EITI အလှူရှင်နိုင်ငံများ၏ ယုံကြည်မှု အပ်နှံရန်ပုံငွေဖြင့် EITI အကောင် အထည်ဖော်ရေး အတွက် လိုအပ်သော ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန် မြန်မာနိုင်ငံကို အကူအညီ ပေးသည်။ ဗြိတိန် နိုင်ငံတကာ ဖွံ့ဖြိုး တိုးတက်ရေး ဌာန (DFID)၊ ဥရောပသမဂ္ဂနှင့် ဩစတြေးလျ နိုင်ငံခြားရေး နှင့် ကုန်သွယ်ရေးဌာန (AusAid) အပါအဝင် အခြားဖွံ့ဖြိုးတိုးတက်ရေး မိတ်ဖက်များကလည်း ထိုလုပ်ငန်းစဉ် အတွက် ငွေကြေးနှင့် နည်းပညာ အကူအညီများ ပံ့ပိုးပေးခဲ့သည်။

ယနေ့အချိန်အထိ EITI အကောင်အထည်ဖော်မှုတွင် သတိပြုမိစရာအကောင်းဆုံး ရယူ အောင်မြင်မှုများအနက် တစ်ခုမှာ အချင်းချင်း ပြန်လည် သင့်မြတ်ရေး ဆောင်ရွက်နိုင်ရန် မတူညီသည့် အမြင်အမျိုးမျိုးကို အတူတကွ ဆွေးနွေးပြောဆိုခွင့်ရသည့် အခြေအနေတစ်ခုကို ဖန်တီးပေးသည့် ဘက်စုံပူးပေါင်းဆောင်ရွက်သူများပါဝင်သည့် ပုံစံကို အကောင်အထည်ဖော်နိုင်ခဲ့ခြင်း ဖြစ်သည်။

"EITI သည် အရပ်ဘက်အဖွဲ့အစည်း၊ အစိုးရနှင့် ကုမ္ပဏီများအား အတူတကွ စုစည်းပေးသည်။ အရင်တုန်းကတော့ ဒီလိုမျိုးဆောင်ရွက်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး" မြန်မာနိုင်ငံ သတ္တုတွင်း ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းထိန်က ပြောကြားသည်။

နိုင်ငံ၏ ထင်ရှားသော အရပ်ဘက်အဖွဲ့အစည်း ကွန်ယက်များအနက် တစ်ခုဖြစ်သည့် မြန်မာ ပွင့်လင်းမြင်သာ မှုနှင့် တာဝန်ယူမှုဆိုင်ရာ မဟာမိတ်အဖွဲ့ (MATA) သည် EITI လုပ်ငန်းစဉ်အတွင်းမှ ပူးပေါင်း ပါဝင်သူများအား ညှိနှိုင်းပေးရာတွင် အဓိက အခန်းကဏ္ဍမှ ပါဝင်လုပ်ဆောင်နေသည်။ မြန်မာနိုင်ငံတစ်လွှားရှိ ကဏ္ဍအားလုံးတွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုအတွက် ပူးပေါင်းပါဝင် ထောက်ခံအားပေးရန် MATA က အရပ်ဘက် အဖွဲ့အစည်း လုပ်ဆောင်သူများအား ကူညီပေးနေသည်။ မြန်မာနိုင်ငံ တစ်ဝန်းရှိ အရပ်ဘက် အဖွဲ့အစည်း ၄၀၀ ကျော် ၊ အရပ်ဘက် အသိုက်အဝန်း ကွန်ယက်နှင့် တစ်ဦးတစ်ယောက်ချင်းစီတို့ MATA တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ပတ်သက်သည်။ MATA သည် နိုင်ငံတစ်လွှား သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှုတွင် ပွင့်လင်းမြင်သာမှု တည်ဆောက်ရန်အတွက် ၎င်းတို့၏ ရွေ့ပြောင်းလုပ်ဆောင်မှုများတွင် EITI မှရရှိသော သင်ခန်းစာများအား အသုံးပြုကြသည်။

"EITI အကောင်အထည်ဖော်ခြင်းဟာ အစိုးရနဲ့ အဖွဲ့အစည်းဆိုင်ရာ ဘက်စုံပါဝင်ဆောက်ရွက်သူတွေ လုပ်ငန်း လုပ်ဆောင်ရာမှာ မိမိတို့စွမ်းဆောင်ရည်ကို တည်ဆောက်ဖို့ မဟာအခွင့်အရေးကြီး တစ်ခုဖြစ်ပါတယ်" ဟု EITI ဘက်စုံပူးပေါင်းပါဝင်သူများ အုပ်စု (MSG) ၏ အရပ်ဘက်အဖွဲ့အစည်း ကိုယ်စားလှယ်နှင့် MATA ကွန်ယက် တစ်စိတ်တစ်ပိုင်းဖြစ်သော ရွှေသဘာဝဓာတ်ငွေ့ လုပ်ဆောင်မှု၏ နိုင်ငံတကာ ညှိနှိုင်းသူတစ်ဦးလည်းဖြစ်သော ဦးဝမ်းအောင်က ပြောသည်။ "EITI ဘက်စုံပူးပေါင်းပါဝင်ဆောင်ရွက်တဲ့ အုပ်စုဆွေးနွေးပွဲက ပြုပြင်ပြောင်း

လဲရေးအတွက် ကတိကဝတ်တွေကို အဆင်ပြေချောမွေ့အောင် လုပ်ဆောင်ပေးမယ်လို့ မျှော်လင့်ကြောင်း” လည်း ၎င်းကပြောကြားသည်။

EITI အဖွဲ့ဝင်လောင်း ဖြစ်ခြင်းသည် အရေးပါသည့် ရယူအောင်မြင်မှု ဖြစ်သော်လည်း မြန်မာနိုင်ငံအတွင်းရှိ အရင်းအမြစ်များ ထုတ်ယူအသုံးပြုသည့် လုပ်ငန်းများအား စီမံအုပ်ချုပ်ရေးဆိုင်ရာ ကျယ်ပြန့်သော အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်တွင် ၎င်းသည် ပထမခြေလှမ်းတစ်လှမ်းသာ ရှိသေးသည်။ ဤလုပ်ငန်းစဉ်က အရင်းအမြစ်များ ထုတ်ယူသုံးစွဲသည့် လုပ်ငန်းစဉ်တစ်ခုလုံးတွင် ပွင့်လင်းမြင်သာမှုကို တိုးမြှင့်ပေးပြီး ပူးပေါင်း ပါဝင်သူများအား သဘာဝအရင်းအမြစ်များ ရေရှည်တည်တံ့ရေးတွင် အကောင်းဆုံး အခြေအနေ ရောက်အောင် ချင့်ချင့်ချိန်ချိန် ဆုံးဖြတ်ချက်ချစေရန် လုပ်ဆောင်ပေးသည်။

အရင်းအမြစ်များ ထုတ်ယူသုံးစွဲသည့် လုပ်ငန်းများတွင် ပွင့်လင်းမြင်သာမှုရှိရန် မြန်မာနိုင်ငံ၏ အားထုတ် မှုများကို အလှူရှင်အများအပြားက ကူညီထောက်ပံ့နေသည်။ EITI ဘက်စုံအလှူရှင် ယုံကြည်အပ်နှံ ရံပုံငွေ (EITI MDTF) အပြင်၊ ဖော်ပြခဲ့ပြီးဖြစ်သည့် နှစ်ဘက်အပြန်အလှန် အလှူရှင်များနှင့် အခြားအဖွဲ့များအနေဖြင့် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမေရိကန်အေဂျင်စီ (USAid) နှင့် ဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ နော်ဝေး ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (NORAD) တို့လည်း ပါဝင်သည်။